**အာဆီယံ-ဗီယင်နာကော်မတီနှင့် ဩစတြီးယား Society Magazine တို့ ပူးပေါင်းလျက်**
**အာဆီယံနေ့အခမ်းအနား ကျင်းပ**

(၂၀-၁၀-၂၀၂၃ ရက်၊ ဗီယင်နာ)

၂၀၂၃ ခုနှစ်တွင် ကျရောက်သော အာဆီယံနေ့ကို ဂုဏ်ပြုသောအားဖြင့် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် အာဆီယံ-ဗီယင်နာကော်မတီနှင့် ဩစတြီးယား Society Magazine တို့ ပူးပေါင်းလျက် "ရာမယဏ"ခေါင်းစဉ်ဖြင့် အာဆီယံဆိုင်ရာယဉ်ကျေးမှုဧည့်ခံပွဲကို ၁၉-၁၀-၂၀၂၃ ရက်တွင် Almanac Palais Vienna Hotel ၌ ကျင်းပခဲ့ရာ သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သော မြန်မာသံရုံး/ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသည် ဗီယင်နာမြို့အခြေစိုက် အာဆီယံနိုင်ငံသံရုံး/ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ပါသည်။

အဆိုပါဧည့်ခံပွဲတွင် Society Magazine ထုတ်ဝေသူနှင့် အယ်ဒီတာဖြစ်သူ Ms. Gertrud Tauchhammer က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး၊ အာဆီယံ-ဗီယင်နာကော်မတီ၏ အလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး H.E. Ms. Evangelina Lourdes A. Bernas က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် မလေးရှားနိုင်ငံသံရုံးက မလေးရှားရိုးရာ Silat (ကိုယ်ခံပညာ) အား သရုပ်ပြခြင်း၊ မြန်မာသံရုံးက မြန်မာနိုင်ငံ၏ ရာမယဏအကဗီဒီယိုကို တင်ဆက်ပြသခြင်းနှင့် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံသံရုံးတို့က ရာမယဏဇာတ်တော်နှင့် စပ်လျဉ်းသည့် အဆို၊ အကများကို ဖျော်ဖြေတင်ဆက်ခြင်း၊ အာဆီယံနိုင်ငံများအလိုက် ရိုးရာလက်မှုပစ္စည်းများကို ခင်းကျင်းပြသခြင်းနှင့် ရိုးရာအစားအစာများ တည်ခင်းဧည့်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ဧည့်ခံပွဲသို့ ဗီယင်နာမြို့အခြေစိုက် သံရုံး/ အဖွဲ့ရုံးများမှ သံအမတ်ကြီး/ အမြဲတမ်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားခံရသော ဩစတြီးယားနိုင်ငံသားများအပါအဝင် ဧည့်သည်တော် စုစုပေါင်း (၂၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။


WELCOME TO
MYANMAR
The Republic of the Union of Myanmar


The Leading Magazine of Modern Diplomacy
SOCIETY